(ဂ) တင်ဒါအောင်မြင်သူများအနေဖြင့် အဆောက်အဦတန်ဘိုး၏ ၁%ကို တံဆိပ်ခေါင်းခွန်အဖြစ် ပေးဆောင်ရမည်။

(ဃ) တင်ဒါအောင်မြင်သူများအနေဖြင့် အဆောက်အဦတန်ဘိုး၏ ၅%ကို ကုန်သွယ်ခွန်အဖြစ် ပေးဆောင်ရမည်။ အဆိုပါ (၅ %) အားသီးခြား တွက်ချက်တင်ပြခြင်း မပြုရ။

၉။ လုပ်ငန်းဆောင်ရွက်ခြင်းအား လုပ်ငန်းအပ်နှံသူမှ သတ်မှတ်သည့် စံချိန်၊စံညွှန်းအတိုင်းသတ်မှတ်ချိန် ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ပေးရမည်။

၁၀။ တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ထားသောနေရာတွင် ပြီးစီးအောင်တည်ဆောက်နိုင်ခြင်းမရှိပါက နောက်ကျဒဏ်ကြေးအဖြစ်(၁)ရက်လျှင် ဆောင်ရွက်ရန်ကျန်လုပ်ငန်းတန်ဖိုး၏(၀.၀၁%)ကို ပေးဆောင်ရမည်။

၁၁။ တင်ဒါအောင်မြင်သူမှ လုပ်ငန်းများကို ကျွမ်းကျင်သူအင်ဂျင်နီယာအဖွဲ့၊ စက်၊ယာဉ်ယန္တရားများ ပြည့်စုံစွာဖြင့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ရမည်။

၁၂။ **အိတ်ဖွင့်တင်ဒါရွေးချယ်ခြင်းနှင့် ငြင်းပယ်ခြင်း**

သတ်မှတ်ချက်များနှင့် မညီညွတ်သည့် တင်ဒါများသည် ရွေးချယ်ရန် မသင့်သည့် အိတ်ဖွင့်တင်ဒါရှင်များအဖြစ် သတ်မှတ်မည် ဖြစ်သည်။ တင်ဒါရွေးချယ်သည့်အဖွဲ့အနေဖြင့် မည်သည့် အိတ်ဖွင့်တင်ဒါကိုမဆို အကြောင်းမဖော်ပြဘဲ ပယ်နိုင်ခွင့်ရှိသည်။

၁၃။ **အဆောက်အအုံ/လုပ်ငန်း အာမခံသက်တမ်းသတ်မှတ်ခြင်း**

အဆောက်အအုံ/လုပ်ငန်းအာမခံသက်တမ်းသတ်မှတ်ခြင်းသဘာဝဘေးအန္တရာယ်မှအပ တာဝန်ယူဆောင်ရွက်သည့် အဖွဲ့အစည်း/ကုမ္ပဏီ၏ ကြီးကြပ်မှု အားနည်းချက်အရ လည်းကောင်း၊ စံချိန်စံညွှန်းမပြည့်ဝမှုကြောင့်လည်းကောင်း ပျက်စီးမှုရှိပါက လုပ်ငန်းလက်ခံပြီး (၂)နှစ်အတွင်းဖြစ်ပေါ်သည့် ပျက်စီးမှုများကို မိမိစရိတ်ဖြင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရမည်။ တင်ဒါအောင်မြင်သူသည် လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှုအစီရင်ခံစာများကို လုပ်ငန်းအပ်နှံသူထံ အပတ်စဉ် ပုံမှန်တင်ပြသွားရမည်။

၁၄။ လုပ်ငန်းနှင့်ပတ်သက်သည့် တိုင်းတာပုံထုတ်ခြင်း၊ QC စစ်ဆေးခြင်းနှင့် QC ဝန်ထမ်းလစာတို့ကို တင်ဒါအောင်မြင်သူမှ ကျခံရမည်။

၁၅။ တင်ဒါတင်သွင်းသူသည် မိမိလုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ငန်းအား မြေပြင်သို့ သွားရောက်ကြည့်ရှုပြီးမှ စနစ်တကျတွက်ချက်၍ တင်သွင်းရမည်။

၁၆။ အိတ်ဖွင့်တင်ဒါအောင်မြင်သူသည် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်နှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ရမည်။

၁၇။ အိတ်ဖွင့်တင်ဒါနှင့်အတူ ပူးတွဲတင်ပြရမည့် အချက်များအရ ပြည့်စုံစွာတင်ပြရမည်။

၁၈။ ပူးတွဲပါဇယားများအတိုင်း ခန့်မှန်းခြေစာရင်း တွက်ချက်တင်ပြရမည်။